ဗုံးသွင်းလာမည်ကို စိုးရိမ်သောကြောင့် ခရီးသည်များနှင့် ယာဉ်များကို တင်းကြပ်စွာ စစ်ဆေးနေ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇူလိုင် ၂၉ ရက်၊ ၂၀၀၃ ခုနှစ်။

မြို့ကြီးများပေါ်တွင် ဗုံးဖောက်ခွဲသူများ ရှိသေးကြောင်း ၄င်းကို စစ်ဆေးရန် ဆိုပြီး ယနေ့ မွန်ပြည်နယ်နှင့် အနီးအနားရှိ တိုင်းနှင့်ပြည်နယ်များတွင် သွားလာနေသော ပြည်သူများနှင့် ယာဉ်များကို နအဖစစ်အစိုးရ ဂိတ်များက တင်းကြပ်စွာ စစ်ဆေးမှုပြုနေပါသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၇ ရက်နေ့တွင် မွန်ပြည်သစ်ပါတီအဖွဲ့ဝင် နှစ်ဦး အပါအဝင် အခြားလူ ၁၂ ယောက်ကို ဖမ်းဆီးပြီးသည့်နောက်တွင် ၄င်းတို့သည် မြို့တွင်းဗုံးဖောက်ခွဲမှုနှင့် ပတ်သက်သည်ဟု နအဖစစ်အစိုးရတို့က စွပ်စွဲကာ ကျန်ရှိသေးသည့် ဖောက်ခွဲမှုကိရိယာနှင့် ဖောက်ခွဲသူများကို စစ်ဆေးရန်အတွက်ဆိုပြီး မြို့နယ်တိုင်းတွင် ဖွင့်လှစ်ထားသော နအဖစစ်တပ်ဂိတ်များသည် ခရီးသည်များနှင့် ခရီးသည်အိတ်များကို ဖွင့်ပြီး ရှာဖွေစစ်ဆေးနေခဲ့ပါသည်။

ယာဉ်များကိုလည်း ရပ်နီးရပ်ဝေး ယာဉ်ငယ်၊ ယာဉ်ကြီးမရွေး စစ်ဆေးနေပြီး၊ မော်တော်ဆိုင်ကယ်များကိုလည်း မလွတ်ဘဲ ထိုင်ခုံကိုလည်း ဖွင့်ပြီး စစ်ဆေးမှုပြုနေခဲ့ပါသည်။

''ဆန်တက်လာတဲ့ကား ဆိုရင် လူတွေကို ကားပေါ်မှ အားလုံးဆင်းခိုင်းပြီးတော့ မှတ်ပုံတင်စစ်ဆေးတယ်။ ပါလာတဲ့ အိတ်တွေ ဖွင့်ပြီးစစ်ဆေးတယ်။ အိတ်တွေစစ်ဆေးပြီးရင် အာဏာပိုင်တို့က ကားပေါ်တက်ပြီး၊ ကားခေါင်း၊ လူထိုင်ခုံအထက်အောက်တွေမှာ ကားခေါင်မိုးမှာ စစ်ဆေးတယ်။ စစ်ဆေးတဲ့ သူတွေကတော့ လဝက၊ ရဲ၊ စစ်တပ် တို့ဖြစ်တယ်''ဟု ခရီးသွားများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

ကားများကို တင်းတင်းကြပ်ကြပ် စစ်ဆေးနေသည်သာမက ကျန်ရှိနေသေးသည့် ဖောက်ခွဲသူများနှင့် ဖောက်ခွဲကိရိယာများကို ဖမ်းဆီးရန်အတွက် နအဖစစ်ထောက်လှမ်းရေးတို့က ကျေးရွာများတွင်လည်း လူဖြန့် လှည့်လည် ထောက်လှမ်း စစ်ဆေး နေခဲ့ပါသည်။

ယခုကဲ့သို့ ယာဉ်များနှင့် ခရီးသည်များကို တင်းတင်းကြပ်ကြပ် စတင်စစ်ဆေးလာသည်မှာ ပြီးခဲ့သည့် ဇူလိုင် ၁၉ ရက်နေ့ကတည်းက ဖြစ်ပြီး၊ မွန်ပြည်သစ်ပါတီအဖွဲ့ဝင် နှစ်ဦး၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် တဦးနှင့် ပဲခူးမြို့ မွန်လူငယ်အဖွဲ့ဝင်နှစ်ဦးတို့တွင် လက်ပစ်ဗုံးနှစ်လုံး၊ တခြားဖောက်ခွဲမှုကိရိယာများနှင့် ဆက်သွယ်ရေး ဂြိုလ်တုစက်တလိုက် ဖုန်းတလုံးတို့ကို ဖမ်းဆီးရရှိပြီးသည်ဟု စစ်အစိုးရမှ စွပ်စွဲကာ စစ်ဆေးမှုများကို စတင်ခဲ့ခြင်း ဖြစ်ပါသည်။

မွန်ပြည်သစ်ပါတီအဖွဲ့ဝင်နှစ်ဦးအပါအဝင် ဖမ်းဆီးမိသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်ခေါင်းဆောင်များ လုပ်ကြံ သည်ဟု နအဖစစ်အစိုးတို့က စွပ်စွဲမှု ပြုလုပ်ပြီးသည့်နောက်တွင် မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များကို နအဖစစ်အာဏာပိုင်တို့က အနီးကပ်စောင့်ကြည့် စစ်ဆေးမှုများ ပိုမိုပြုလုပ်လာခဲ့သည်။

မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များ သွားလာလျှင် လက်နက်ခဲယမ်းများ မကိုင်ဆောင်ရန် နအဖစစ်ထောက်လှမ်းရေးတို့မှ မွန်ပြည်သစ်ပါတီ မြို့နယ်ရုံးအသီးသီးတို့ကိုလည်း လိုက်လံပြောထားခဲ့ကြောင်း သိရပါသည်။